# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 21 , 2023 Volume 70, Number 15

၂၁.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၆.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၅.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၀.၂၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၆.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၄၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၅၀ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၇.၆၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၀၉၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့၊ (၁၀:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr. Watanabe Yusuke (မစ္စတာ ဝါတာနာဘဲ ယုဆုကဲ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ဂျပန်-မြန်မာချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအားအသေးစိတ်ဆွေးနွေးခဲ့ကြပါသည်။ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## တနင်္သာရီတိုင်းဒေသကြီးထွက် ကွမ်းသီးများ ဈေးကွက်ပျောက်လုနီးပါး အနေအထားဖြစ်နေသည့်အတွက် ကွမ်းသီးစိုက်တောင်သူများ အခက်အခဲဖြစ်နေ



တနင်္သာရီတိုင်းဒေသကြီးထွက် ကွမ်းသီးများ ဈေးကွက်ပျောက်လုနီးပါး အနေအထားဖြစ်နေသည့်အတွက် ကွမ်းသီးစိုက်တောင်သူများ အခက်အခဲဖြစ်ပေါ်နေကြောင်းသိရသည်။

ယခုနှစ် ကွမ်းသီးဈေးနှုန်းများမှာ ယခင်နှစ်ကထက် များစွာ ကျဆင်းနေခြင်း၊ ဝယ်လက်များ နည်းပါးလာခြင်း၊ ကွမ်းသီးဒိုင်များက ကြို တင်ငွေ မပေးတော့ခြင်းများကြောင့် တောင်သူများမှာ ကွမ်းသီးရောင်းချခြင်းဖြင့် အသက်မွေးရန် အခက်အခဲဖြစ်လာနေကြောင်း သိရသည်။ "တနင်္သာရီတိုင်းဒေသကြီးမှာရှိတဲ့ ကွမ်းသီးခြံတွေက ပြီးခဲ့တဲ့နှစ်တွေကစပြီး ကွမ်းသီးအမှည့်ရောင်းတာ။ ကွမ်းသီးအနုရောင်းတာတွေနဲ့ အဆင်ပြေခဲ့တယ်။ အရင်နှစ်တွေက ကွမ်းသီးအမှည့်တစ်လုံးကို ၄၀ ကျပ်အထိ ရ တယ်။ ဒီနှစ်မှာတော့ ကွမ်းသီးအမှည့်တစ်လုံးကို ၁၀ ကျပ်ပဲရတယ်။ ဒါလည်းပဲ ဝယ်တဲ့သူကနည်းနေတယ်။ ကွမ်းသီးဝယ်တဲ့သူတွေကလည်း အလုံးငယ်တွေမဝယ်တော့ဘဲ အလုံး ကြီးတွေကိုပဲ ရွေးဝယ်ကြတော့တယ်။ ကွမ်းသီးဈေးကွက်က ပျောက်လုနီးပါးဖြစ်နေတယ်။ ရပ်ရွာအခြေအနေတွေကလည်း မအေးချမ်းတော့ ကွမ်းသီးစိုက်တောင်သူတွေမှာလည်း ခြံထဲကိုသွားဖို့ ကြောက်ရွံ့နေတာလည်းကြုံရတယ်။ နယ်ကို ဆင်းလာဝယ်တဲ့ ဝယ်လက်တွေလည်း မလာကြတော့ဘူး။ အတော်လေးကို အခက်အခဲဖြစ်နေကြရတယ်" ဟု မြိတ်ခရိုင်အတွင်းမှ ကွမ်းသီးစိုက်သူတစ်ဦးက ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသောကွမ်းသီးများကို ဒိုင်များကဝယ်ယူပြီး ရန်ကုန်မြို့သို့ ပြန်လည်ပို့ဆောင်ပေးကြောင်းသိရသည်။ ကွမ်းသီးဒိုင်များက ကွမ်းသီးခြံရှင်များကို ကြိုတင်ငွေပေးပြီး ကွမ်းသီးထွက်ရှိလာပါက ပြန်လည်ဝယ်ယူသည့်စနစ်များဖြင့် လုပ်ကိုင်ကြသော်လည်း ယခုနှစ်တွင် ကြိုတင်ငွေမရရှိတော့ကြောင်း သိရသည်။ "ကျေးရွာတွေမှာ ဝင်ငွေကမရှိတဲ့အထဲ ကုန်ဈေးနှုန်းတွေလည်း ကြီးလာတယ်။ ကွမ်းခြံမြက်ခုတ်ပေါင်းရှင်းဖို့ကလည်း အလုပ်သမားခက တစ်ရက်ကို တစ်သောင်းကျော်ပေးရတယ်။ ကွမ်းသီးခြံတွေကို ထိန်းသိမ်းဖို့ မလွယ်တော့ဘူး။ အရင်နှစ်တွေကဆိုရင် ကွမ်းသီးဒိုင်တွေက မိုးပေး (ကြိုတင်ငွေ) တွေပေးခဲ့တယ်။ ဒီနှစ်မှာတော့ ကွမ်းသီးဈေးကွက်က ပျောက်နေတော့ ကြိုတင်ငွေထုတ်ပေးတာတွေ မရှိတော့ဘူး"ဟု မြိတ်မြို့နယ် တုံးဗျောကျေးရွာမှ ကွမ်းသီးစိုက်သူတစ်ဦးက ဆိုသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကွမ်းသီးများကို ရေဖြူ၊ လောင်းလုံး၊ သရက်ချောင်း၊ ပုလော၊ တနင်္သာရီ၊ ကျွန်းစု၊ ဘုတ်ပြင်းမြို့နယ်များ၌ အဓိကစိုက်ပျိုးပြီး တနင်္သာရီနှင့်ဘုတ်ပြင်းမြို့နယ်များမှာ ကွမ်းသီးအထွက်နှုန်း များပြားကြောင်း သိရသည်။ ကွမ်းသီးအခြောက်ဈေးနှုန်းများမှာ ယခင်နှစ်က တစ်ပိဿာလျှင် ကျပ် ၄၀၀၀ အထိရှိခဲ့သော်လည်း ယခုနှစ် တွင် ကွမ်းသီးအခြောက် တစ်ပိဿာမှာ ၁၅၀၀ ကျပ်သာ ကျန်တော့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/253915

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများနှင့်စီးထွက်မှု

စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့်ရေဦးခရိုင်များအနက် ရွှေဘိုနှင့် ရေဦးခရိုင်များတွင် ရောမင်းစပါး လက်ကျန်မရှိသလောက်နည်းပါးနေကြောင်း၊ ခရိုင်အားလုံး၌ စပါး၊ ဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေပြီး ကန့်ဘလူခရိုင်နှင့်ကသာခရိုင်တို့တွင် ဈေးအေးနေကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်း စက်တင်ဘာလ (ဒုတိယပတ်) တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်ရှိ ရွှေဘိုပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃,၇၀၀,၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ၁၂၅,၀၀၀ ကျပ်၊ ရောမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ၁၃၀,၀၀၀ ကျပ်၊ နွေစပါး(ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ကျပ် ၁,၉၀၀,၀၀၀၊ နွေစပါး(ရွှေဝါထွန်း) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊

ရေဦးခရိုင်၊ ရေဦးမြို့နယ်တွင် ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃,၇၀၀,၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင်ကျပ် ၁၂၅,၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည်ပါတစ်အိတ်လျှင် ၁၃၀,၀၀၀ ကျပ်၊ နှံ့စပါး (ရွှေဝါထွန်း)တင်း ၁၀၀ လျှင် ကျပ် ၁,၉၀၀,၀၀၀၊ နှံ့စပါး(ရွှေဝါထွန်း)ဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀,၀၀၀ များဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင်၊ ကလေးမြို့နယ်တွင် ဧည့်မထ (စပါး) တင်း ၁၀၀ လျှင် ၃,၂၀၀,၀၀၀၊ ဧည့်မထ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၁၀,၀၀၀၊ ငစိန်(စပါး)တင်း ၁၀၀ လျှင် ၃,၁၀၀,၀၀၀၊ ငစိန် (ဆန်) ၂၄ ပြည်ပါတစ်အိတ်လျှင် ၁၀၀,၀၀၀၊ ရောမင်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၃,၅၀၀,၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါတစ်အိတ်လျှင် ကျပ် ၁၂၀,၀၀၀၊ နှံ့စပါး(ဒေသမျိုး)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁,၁၀၀,၀၀၀၊ နှံ့စပါး(ဒေသမျိုး)(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကသာခရိုင်၊ အင်းတော်မြို့နယ်တွင် မော်ဘီ-၂ (စပါး)တင်း ၁၀၀ လျှင် ကျပ် ၁,၉၅၀,၀၀၀၊ မော်ဘီ-၂ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၁,၀၀၀၊ ဆင်းကေရီ-၃ (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂,၁၀၀,၀၀၀၊ ဆင်းကေရီ-၃ ဆန် ၂၄ ပြည်ပါတစ်အိတ်လျှင် ကျပ် ၈၅,၀၀၀၊ ရောမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၂,၄၀၀,၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည်ပါတစ်အိတ် လျှင် ကျပ် ၁၁၀,၀၀၀၊ နှံ့စပါး(ဆင်း-၃) (စပါး) တင်း ၁၀၀ လျှင် ကျပ် ၁,၃၀၀,၀၀၀၊ နှံ့စပါး (ဆင်း-၃) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၆၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင်၊ မုံရွာမြို့တွင် ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃,၂၀၀,၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၀,၀၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃,၂၀၀,၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅,၀၀၀၊ မနော်သုခ(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂,၅၀၀,၀၀၀၊ မနော်သုခ(ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၉၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေ ကြောင်း၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့တွင် ရောမင်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၃,၀၀၀,၀၀၀၊ ရောမင်း (ဆန်)၂၄ ပြည်ပါတစ်အိတ်လျှင် ကျပ် ၁၃၀,၀၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃,၅၀၀,၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၄,၀၀၀၊ နှံ့စပါး ရွှေဝါထွန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁,၈၀၀,၀၀၀၊ ရွှေဝါထွန်း (ဆန်)၂၄ ပြည်ပါတစ်အိတ်လျှင် ကျပ် ၈၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စက်တင်ဘာလ(ပထမပတ်)တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ပြည်နယ် များသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၁,၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၃,၇၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅,၀၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၃,၅၀၀၊ ရှမ်း(မြောက်) သို့ အိတ်ရေ ၃,၅၀၀၊ ကချင်သို့ အိတ်ရေ ၂၀၀၊ စုစုပေါင်းအိတ်ရေ (၄၇,၅၀၀) အိတ်၊ တန်အားဖြင့် (၂,၃၇၅) စီးထွက်ခဲ့ပြီး စက်တင်ဘာလ (ဒုတိယပတ်)တွင် ရန်ကုန်သို့ အိတ်ရေ ၁၇,၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၉,၆၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆,၀၀၀၊ ရှမ်း (တောင်)သို့ အိတ်ရေ ၄,၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄,၅၀၀၊ စုစုပေါင်း အိတ်ရေ (၆၂,၇၀၀)အိတ်၊ တန်အား ဖြင့် (၃,၁၃၅) စီးထွက်ခဲ့သည့်အတွက် ယခင်ပတ်နှင့် နှိုင်းယှဉ်လျှင် ယခုပတ်တွင် အိတ်ရေ (၁၅,၂၀၀) တန်အားဖြင့် (၇၆၀) ပိုမိုစီးထွက်ခဲ့ကြောင်း သိရသည်။

**DOCA(စစ်ကိုင်း)**

https://www.commerce.gov.mm/my/article/update-news-local-trade/%

## မန္တလေးကုန်စည်ဒိုင်တွင် ပြောင်းဖူးစေ့ဈေးကွက် ဆက်တိုက်ကျဆင်းလာ

စက်တင်ဘာလတတိယပတ်အတွင်း မန္တလေးကုန်စည်ဒိုင်သို့ ရှမ်းပြည်နယ်နှင့်အညာဒေသဘက်မှ ပြောင်းဖူးစေ့များ ဝင်ရောက်လျက်ရှိနေသည်။ ထိုင်းနိုင်ငံသို့ တင်ပို့မှုမရှိခြင်း၊ တရုတ်ဝယ်လက်မှ အနည်းငယ်သာ ဝယ်ယူမှုရှိခြင်း၊ ပြောင်းဖူးစေ့ အသစ်ဝင်ရောက်မှုများခြင်းတို့ကြောင့် ပြောင်းဖူးစေ့ဈေးနှုန်း ဆက်တိုက်ကျဆင်းလာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

**ရှမ်းပြောင်းဖူးစေ့(ရှမ်း)** ၅၄ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၅၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၈၀၀၀ မှ ၅၉၀၀၀၊ ယခင်လ ကျပ် ၆၂၀၀၀ မှ ၆၂၅၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၃၀၀၀၊ ယခင်လထက် ကျပ် ၆၀၀၀ မှ ၆၅၀၀ နိမ့်ကျလာသည်။

**စီပီပြောင်း** ၅၄ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၆၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၈၀၀၀ မှ ၅၉၀၀၀၊ ယခင်လ ကျပ် ၆၁၀၀၀ မှ ၆၂၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀၀ မှ ၃၀၀၀၊ ယခင်လထက် ကျပ် ၅၀၀၀ မှ ၆၀၀၀ နိမ့်ကျလာသည်။

**ဗမာပြောင်းဖူးစေ့** ၅၄ပိဿာဝင် သုံးတင်းတစ်အိတ်ဈေးနှုန်းမှာ ယခုတစ်ပတ် ကျပ် ၅၅၀၀၀၊ ယခင်တစ်ပတ် ကျပ် ၅၆၅၀၀ မှ ၅၇၀၀၀၊ ယခင်လ ကျပ် ၆၀၀၀၀ မှ ၆၀၅၀၀ ဖြစ်သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၅၀၀ မှ ၂၀၀၀၊ ယခင်လထက် ကျပ် ၅၀၀၀ မှ ၅၅၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/article/Mandalay_2092023_1608

## မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ ပေါက်ဈေးရှိနေ

မန္တလေးဈေးကွက်အတွင်း မြင်းမူဘက်မှထွက်ရှိသည့်ဂျုံများ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ ပေါက်ဈေးရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍သိရသည်။ ယခုအခါ မြင်းမူဘက်မှဂျုံများ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာပြီး ကုန်သည်များက ဝယ်ယူမှုများပြားလာကာ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ ငါန်းဇွန်၊ မြို့သာ၊ မုံရွာတွေဘက်ကဝင်လာတဲ့ ဂျုံတွေလည်းရှိပါတယ်။ ဒါပေမဲ့လည်း မြင်းမူဘက်က ဂျုံတွေက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ပြန်ကောင်းလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း စက်တင်ဘာလ ပထမပတ်အတွင်းက မြင်းမူဘက်မှဂျုံများ အရောင်းအဝယ် အေးနေခဲ့ခြင်းကြောင့် ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀၀ သာရှိခဲ့ကြောင်း၊ ယခုအခါ မြင်းမူဘက်မှဂျုံများ အဝယ် လိုက်လာခြင်းကြောင့် ယနေ့(စက်တင်ဘာလ ၁၉)ရက်နေ့ထိ ပေါက်ဈေးအရ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ ပေါက်ဈေးရှိနေကြောင်းသိရသည်။ "မန္တလေးဈေးကွက်ထဲမှာ ဂျုံအရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ အခုလတ်တလော တော်တော်လေး ပြန်ပြီးများလာတယ်။ ပြည်ပဈေးကွက်ကိုတော့ ဂျုံတင်ပို့မှုက အနည်းငယ်လောက်ပဲရှိတယ်။ ဂျုံအသစ်တွေ ဈေးကွက်ထဲဝင်လာတော့မှာဖြစ်လို့ နောက်ပိုင်း ဂျုံဈေးကောင်းထပ်ပြီးရဖို့ရှိနေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍သိရသည်။

**Source: ရတနာပုံသတင်းစာ**

## စပါးတင်း ၁၀၀ လျှင် ကျပ်သိန်း ၂၀ အတွင်း ဝယ်ယူရန် ဆန်စပါးအသင်းချုပ် တိုက်တွန်း

လက်ရှိ မိုးစပါးရာသီတွင် ထွက်ရှိသည့် စပါးများအပေါ် အသင်းဝင်ကုမ္ပဏီများ၊ ဆန်စပါးကုန်သည်များအနေဖြင့် အမျိုးအစားပေါ်မူတည်ကာ တင်း ၁၀၀ လျှင် အနိမ့်ဆုံး ကျပ် ၁၃ သိန်းမှ အများဆုံး သိန်း ၂၀ အတွင်း ဈေးပေးဝယ်ယူရန် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (MRF) က ထုတ်ပြန်တိုက်တွန်းထားကြောင်း သိရသည်။

စပါးတင်း ၁၀၀အတွက်အမျိုးအစားအလိုက် ဧည့်မထ၊ ငစိန်ကို ကျပ် ၁၃ သိန်းမှ ၁၅ သိန်းအတွင်း၊ ရှေ့ဝတီပေါ်ဆန်းကို ကျပ် ၁၆ သိန်းမှ ၁၈ သိန်းအတွင်း၊ ရွှေဘိုပေါ်ဆန်းကို ကျပ် ၁၈ သိန်းမှ သိန်း ၂၀ အတွင်း၊ ရှေ့မင်းနှင့် ရှေ့ပဒေသာ စပါးကို ကျပ် ၁၆ သိန်းမှ ၁၈ သိန်းအတွင်း ဈေးသတ်မှတ်ထားကြောင်းသိရသည်။

ယင်းသို့ တိုက်တွန်းမှုသည် စက်ပိုင်များမှ တောင်သူများထံမဖြစ်မနေဝယ်ယူရမည့် ဈေးမဟုတ်ဘဲ ရည်ညွှန်းဈေးအောက် မရောက်စေရေး ထုတ်ပြန်ခြင်းဖြစ်သည်။ ထို့ပြင် ရည်ညွှန်းဈေးနှုန်းများအတွင်း ရောင်းသူနှင့်ဝယ်သူအကြား စပါးအမျိုးအစားအလိုက်၊ စပါးအရည်အသွေးအလိုက်၊ စပါးအစိုဓာတ်အလိုက် ဈေးနှုန်းသတ်မှတ်ညှိနိုင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း သိရသည်။

အဆိုပါ သတ်မှတ်ရည်ညွှန်းဈေးနှုန်းများဖြင့် ဝယ်ယူရန် အခက်အခဲတစ်စုံတစ်ရာရှိပါက မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်နှင့် ညီနောင်အသင်းများ၊ ကုန်စည်ဒိုင်များထံ အသိပေးရန်နှင့် ရည်ညွှန်းဈေးထက်ပိုကာ ဈေးပေးဝယ်ယူမှုများရှိပါက ဖော်ထုတ်ရန် အသိပေးထားကြောင်းသိရသည်။

**Source:** https://t.me/sdtimedaily

## ကမ္ဘောဒီးယားဆန် တန်ချိန် ၁ ဒသမ ၆ သန်း ဗီယက်နမ်တင်သွင်း



ကမ္ဘာ့ဆန်တင်ပို့မှု တတိယအများဆုံးနိုင်ငံဖြစ်သည့် ဗီယက်နမ်က ၂၀၂၃ ခုနှစ် ပထမ ၈ လမှာ ကမ္ဘောဒီးယားဆန် တန်ချိန် ၁.၆ သန်းနီးပါး၊ ကန်ဒေါ်လာ သန်း ၄၀၀ ဖိုးဝယ်ယူခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ Prey Veng ပြည်နယ် စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့တွင် အချက်အလက်ထုတ်ပြန်ပါသည်။

Prey Veng ပြည်နယ်မှာ စိုက်ပျိုးထုတ်လုပ်သည့်ဆန်များကို ဗီယက်နမ်က ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ စက်တင်ဘာလ ၄ ရက်အထိ ကာလအတွင်း ဆန်မက်ထရစ်တန် ၁,၅၈၆,၇၄၀ ၊ စုစုပေါင်း တန်ဖိုး ကန်ဒေါ်လာ ၃၉၃,၁၅၁,၂၆၂ ကို ဗီယက်နမ်သို့ တင်ပို့ခဲ့သည်။

Prey Veng ပြည်နယ်မှ ဆန်များကို ဗီယက်နမ်သို့ တင်ပို့ရန် အသုံးပြုသည့် အဓိကဆိပ်ကမ်း ၂ ခုမှာ Banteay Chakrei International Port နှင့် Koh Roka International Port တို့ဖြစ်ပါသည်။

**Source :khmertimeskh**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6906-asiarice.html

## STOCK EXCHANGE (21.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,508 (Shares) | 32,462,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -400 | -4.30% | 9,300 | 9,300 | 8,900 | 1,024 | 9,154,100 | 33,109,694 | 294,676 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,050 | 3,000 | 1,515 | 4,559,750 | 38,929,150 | 116,788 |
| MCB | 00003 | 7,400 | -100 | -1.33% | 7,300 | 7,500 | 7,300 | 134 | 985,500 | 10,400,986 | 76,967 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,750 | 1,700 | 323 | 549,150 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 22 | 52,800 | 12,823,224 | 30,776 |
| EFR | 00006 | 2,100 | -200 | -8.70% | 2,200 | 2,200 | 2,100 | 777 | 1,647,400 | 19,977,223 | 41,952 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 640 | 3,136,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | -50 | -2.78% | 1,750 | 1,750 | 1,750 | 7,073 | 12,377,750 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 21st Sep. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 373.60 | -10.33 | -2.69% | 382.24 | 382.24 | 373.58 | 11,508 | 32,462,450 | 8 | 704,686 |

### Index chart




YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever modern stock exchange in Myanmar and stock trading at YSX has started fr Quick link Notice Disclosure

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 21st Sep. 2023

| Trading Volume | Trading Value |
|---|---|
| 11,508 (Shares) | 32,462,450 (MMK) |

## Main Board

As of 1:00 pm, 21st Sep. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,508 (Shares) | 32,462,450 (MMK) |

| MYANPIX | 373.60 ▼ 10.33 |
|---|---|
| Total Volume (shares) | 11,508 |
| Total Value (MMK) | 32 mil |
| Listed Company | 8 |
| Market Cap. (MMK) | 704,686 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 400 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,400 | ▼ 100 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,100 | ▼ 200 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▼ 50 |